# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 25, 2019 | Volume 25, Number 14


| ၂၅.၁၁.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၅၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၂၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၄/- ကျပ် |
| CBM Rate | = ၁၅၁၄.၆ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၆၉.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၀.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၄၉.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၁.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၈.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၂၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၂၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၂.၇၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၁၀၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) တွင် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်း၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာ၊ လယ်ယာထွက်အခြေခံ စားသောက်ကုန်ထုတ်လုပ်ခြင်းစသည့် ကဏ္ဍအသစ်ငါးခု ထပ်မံထည့်သွင်းဆောင်ရွက်မည်




အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) တွင် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်း ကဏ္ဍ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာကဏ္ဍ၊ လယ်ယာထွက် အခြေခံစားသောက် ကုန်ထုတ်လုပ်ခြင်းလုပ်ငန်း စသည့်ကဏ္ဍအသစ်ငါးခုထပ်မံ ထည့်သွင်းဆောင်ရွက်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးပြောကြားသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်မြှင့်တင်ရန်အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၁၅ -၂၀၁၉) ကို ရေးဆွဲခဲ့ပြီး ဦးစားပေးကဏ္ဍ ခုနစ်ခုနှင့် အထောက်အကူပြုကဏ္ဍ လေးခု စုစုပေါင်း ၁၁ ခုဖြင့် အကောင်အထည်ဖော်ခဲ့ရာ ငါးနှစ်တာကာလပြီးဆုံးတော့မည်ဖြစ်သည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅ )ဆက်လက်အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယင်းမဟာဗျူဟာတွင် လာမည့်ငါးနှစ်အတွင်း ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ပြင်ဆင်ဖြည့်စွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ထပ်မံဖြည့်သွင်းဆောင်ရွက်မည့် ဦးစားပေးကဏ္ဍအသစ်ငါးခုတွင် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းကဏ္ဍ၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာကဏ္ဍ၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ကဏ္ဍ၊ လယ်ယာထွက်အခြေခံစားသောက်ကုန် ထုတ်လုပ်ခြင်းကဏ္ဍနှင့် လက်မှုအနုပညာပစ္စည်းထုတ်လုပ်မှုကဏ္ဍများနှင့်ပတ်သက်၍ အဓိကထုတ်လုပ်

သည့်တိုင်းဒေသကြီး၊ ပြည်နယ်များ ပါဝင်နိုင်အောင် ရေးဆွဲဆောင်ရွက်သွားမည်ဟု ဒုတိယဝန်ကြီးဦးအောင်ထူးက ပြောကြားသည်။ လက်ရှိ NLD အစိုးရသစ်လက်ထက်တွင် ပို့ကုန်သုံးဆမြှင့်တင်နိုင်ရေး ရည်မှန်း ထားပြီး လက်ရှိအခြေအနေတွင် ပို့ကုန်တင်ပို့မှုမှာ ၂၀၁၅ ခုနှစ်ထက် နှစ်ဆတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးကပြောကြားသည်။ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း/ပြည်ပကုန်သွယ်မှုဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်ဖြစ်ပြီး အဓိက ရည်မှန်းချက်မှာ ပို့ကုန်မြှင့်တင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ရရှိစေရန်ဖြစ်ကြောင်းသိရသည်။ လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ယခင်နှစ်နည်းတူ ကုန်သွယ်မှုလိုငွေပမာဏ ဒေါ်လာသန်း ၅၀၀ သာရှိစေရန် မျှော်မှန်းထားသော်လည်း လက်တွေ့လုပ်ကိုင်ရာ၌ အခက်အခဲများရှိနေသေးကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။ ကုန်သွယ်မှုလိုငွေဆိုသည်မှာ မိမိနိုင်ငံက တင်ပို့သည့်ပို့ကုန်တန်ဖိုးထက် သွင်းကုန်တန်ဖိုးမြင့်မားနေခြင်းကိုဆိုလိုသည်။ တစ်နည်းအားဖြင့် မိမိနိုင်ငံက တင်ပို့နိုင်မှုစွမ်းအားထက် ပြည်ပမှပိုမို တင်သွင်း နေရခြင်းဖြစ်သည်။ ကုန်သွယ်မှုလိုငွေကတော့ နည်းနည်းလေးလျော့မယ့်သဘောလေးရှိတယ်။ လျာထားချက် ကတော့ ဒေါ်လာသန်း ၅၀၀ လောက်ပဲရှိအောင်ပေါ့နော်။ ဒါပေမဲ့ တကယ်လက်တွေ့လုပ်တဲ့အခါကျတော့ ကိုယ်ပြည်တွင်းလည်း စားသုံးမှုအားကောင်းလာတယ်။ ရင်းနှီးမြှုပ်နှံမှုပိုင်းမှာလည်း အထူးသဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းတွေမှာ ကုန်ကြမ်း လိုအပ်တော့။ ဥပမာမွေးမြူရေးက တက်လာတယ်။ ကြက်စာအရမ်းတင်သွင်းဖြစ်တယ်။ ပဲပိစပ်ကြိတ်ဖက်ဆိုရင် ဟိုတုန်းက တန်ချိန်နှစ်သောင်းလောက် တစ်နှစ်ကို၊ အခုဆို တန်ချိန်ငါးသောင်းအထိ သွင်းလာတဲ့အခါကျတော့ ခွင့်ပြုရတာပဲ။ ဒါမှလည်း ဒီဘက်ကလုပ်ငန်းတွေက တိုးတက်မှာ ဒါတွေက လျော့လို့မရဘူးလေ။ တချို့ကလည်း ခရီးသွားတက်လာတဲ့အခါမှာ ဒီမှာ မထုတ်နိုင်တဲ့ ဝက်အူချောင်းတို့ အကောင်းစားငါးတွေ တင်သွင်းရတာရှိတယ်။ စားအုန်းဆီကလည်း လျော့မပေးနိုင်ဘူး။ ဒီဇယ်မှာလည်း လျော့လို့မရဘူး။ ဆေးဝါးကလည်း လျော့လို့မရဘူးဆိုတော့ အလှကုန်ပစ္စည်းကလည်း လျော့လို့မရဘူးဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကဆိုသည်။ ပြီးခဲ့သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေပမာဏ အမေရိကန်ဒေါ်လာသန်း ၅၀၀ အထိလျှော့ချရန် မျှော်မှန်းခဲ့သည်။ သို့သော်ဘဏ္ဍာနှစ်ကုန်ဆုံးချိန်၌ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလျံကျော် ဖြစ်ပေါ်ခဲ့သည်။

**Source:** https://news-eleven.com/article/146584

## ကြက်ဥထုတ်လုပ်မှု တိုးလာသော်လည်း စားသုံးမှု၊ တင်ပို့မှုမတိုးသဖြင့် အမြတ်နည်းနေသေးဟုဆို



မြန်မာနိုင်ငံအတွင်း ဥစားကြက်မွေးမြူရေးလုပ်ငန်းများကို နည်းပညာများဖြင့် တိုးချဲ့လုပ်ဆောင်လာသော်လည်း ကြက်ဥကို ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းစားသုံးမှုမှာ နှစ်စဉ်တိုးတက်လာခြင်း မရှိသဖြင့် ထုတ်လုပ်သူများ အမြတ်အစွန်းရရှိမှုနည်းပါး နေကြောင်း မန္တလေး တိုင်းဒေသကြီးအတွင်းရှိ ဥစားကြက်မွေးမြူသူများထံမှ သိရသည်။ တစ်ဦးချင်းစားသုံးမှုနှုန်းက တိုးမလာတဲ့အတွက် အဝယ်နည်းတာကြောင့် ကြက်ဥဈေးကကျနေတာကများတယ်။ ဒါ့ပြင် ပြည်ပတင်ပို့မှုကနည်းတာကြောင့် ထင်သလောက်အဆင် မပြေကြဘူးဟု မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေး တိုင်းဒေသကြီး) ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က ပြောသည်။ ကြက်ဥဈေးနှုန်းများမှာ လက်ကားတစ်ပိဿာလျှင် ကျပ် ၂၅၀၀ မှ ကျပ် ၃၀၀၀ ဝန်းကျင်ရှိနေလျှင် အဆင်ပြေသော်လည်း ထုတ်လုပ်မှုများလာခြင်းနှင့်စားသုံးမှုနည်းပါးခြင်းတို့ကြောင့် တစ်ပိဿာ လျှင် ကျပ် ၂၀၀၀ သို့ ရောက်ရှိလာသည်။ အဆိုပါဈေးနှုန်းမှာ ထုတ်လုပ်မှုကုန်ကျစရိတ်အောက်တွင် ရောက်ရှိနေသဖြင့် ကြက်ဥမွေးမြူသူများ အဆင်မပြေဖြစ်နေကြောင်းသိရသည်။

ကြက်ဥက အာဟာရပြည့်ဝပြီးဈေးနှုန်းချိုသာတဲ့ စားသောက်ကုန်ဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့စားသုံးကြဖို့လိုပါ

တယ်။ အခုဈေးနှုန်းကလည်း ဆေးလိပ်တစ်လိပ်တန်းဖိုးလောက်ပဲရှိတာဖြစ်တဲ့အတွက် စားသုံးဖို့သင့်တဲ့ အနေအထားမှာရှိပါတယ်။ ကျွန်တော်တို့ ထုတ်လုပ်သူများအနေနဲ့ စားသုံးမှုမြင့်တက်လာမှ အဆင်ပြေမှာဖြစ်သလို၊ ထုတ်လုပ်မှုတွေ တိုးတက်လာခြင်းနဲ့အတူ ပြည်သူတွေကိုလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရှာဖွေပေးနိုင်မှာဖြစ်ပါတယ်ဟု ၎င်းက ဆက်လက်ပြောသည်။ နိုင်ငံတကာတွင် ကြက်ဥစားသုံးမှုမှာ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့တွင် လူတစ်ဦးချင်း စားသုံးမှုမှာ တစ်နှစ်လျှင်ကြက်ဥအလုံးရေ ၂၀၀ ခန့်၊ ဂျပန်၊ ထိုင်ဝမ်တို့တွင် လူတစ်ဦးလျှင် တစ်နှစ် အလုံး ၃၅၀ ကျော်စားသုံးကြကြောင်း၊ မြန်မာနိုင်ငံတွင်မူ လူတစ်ဦးချင်း တစ်နှစ် ကြက်ဥအလုံး ၅၀ ကျော်သာ စားသုံးကြောင်း ကောက်ယူထားသော စစ်တမ်းများအရသိရသည်။

ကြက်ဥက စားတာတော့စားကြပါတယ်။ ဒါပေမယ့် ဟင်းအဖြစ် သိပ်မစားဖြစ်ကြဘူး။ နိုင်ငံတကာမှာက ပေါင်မုန့်နဲ့လည်း တွဲဖက်စားသုံးကြသလို မနက်စာမှာလည်း ထည့်သွင်းစားကြတယ်။ ဒီမှာ အဲဒါတွေထက် မြန်မာအစားအစာတွေကို ပိုစားကြတယ်ဟု ချမ်းအေးသာစံမြို့နယ် မုန့်တီစုရပ်ကွက်တွင်နေထိုင်သူ မကြူကြူကပြောသည်။ မန္တလေးတိုင်းဒေသကြီးတွင် ကြက်ဥထုတ်လုပ်ရန် ဥစားကြက်အကောင်ရေ ၂၅ သိန်းကျော်ခန့်ရှိပြီး အသားစားကြက်ကောင်ရေမှာ ၃၅ သိန်းကျော်ရှိကြောင်း သိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/8313292

## ဧရာဝတီမြစ်အတွင်း ငါးအရနည်း၍ ငါးလုပ်ငန်းလုပ်သူများ အဆင်မပြေဖြစ်



ဧရာဝတီမြစ်အတွင်း ငါးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများမှာ ငါးအရနည်း၍ အဆင်မပြေဖြစ်လာကြောင်းသိရသည်။ မြစ်ရေကျချိန်တွင် မနက်စောစော ၅ နာရီမှ ၁၁ နာရီအထိ မိသားစုလိုက် ငါးဖမ်းကြသော်လည်း နှစ်ပိဿာခန့်သာရကြောင်း မင်းဘူးမြို့နယ်၊ ငွေသောင်ကျွန်းကျေးရွာက အသက် ၄၀ ကျော် အမည်မဖော်လိုသည့် ငါးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။ ငါးက ပေါရင်တော့ ဝီရိယစိုက်ဖမ်းရင် ဖမ်းသလောက်ရပါတယ်။ အခုက ငါးကို မရှိတော့ မရပါဘူးဗျာဟု၎င်းကပြောသည်။ မြစ်ငါးများဖြစ်သည့် ငါးယင်ပေါင်စာ၊ ငါးဖားဝိုင်း၊ ငါးချောင်း၊ ငါးကြင်း၊ ငါးဖယ်စသဖြင့် ငါးမျိုးစုံဖမ်းမိပြီး ငါးကြီး ငါးသေးရောရာ တစ်ပိဿာလျှင် ကျပ် ၆၀၀၀ ဖြင့် ငါးအဝယ်ဒိုင်သို့ သွင်းရကြောင်းသိရသည်။ ရေလုပ်ငန်းလုပ်ကိုင်သည့် ကိုရဲနောင်က ကျွန်တော်တို့ ငါးဖမ်းရတာ နေ့စဉ်ငါးမရပါဘူး။ ရတဲ့အခါလည်း မိသားစုစားဖို့လောက်ပဲရတာပါ။ ငါးဖမ်းလိုင်စင်တော့ လုပ်ထားရတယ်ဟုပြောသည်။

ယခုအချိန်ကဲ့သို့ မြစ်ရေကျပြီး ပူပြင်းချိန်တွင် သောင်ထွန်းလာသဖြင့် မြစ်ကြောင်းကျဉ်းလာသောအခါ တံငါလုပ်ငန်းလုပ်ကိုင်ရခြင်း အဆင်မပြေဖြစ်ကြောင်း ငါးလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။ ငါးလုပ်ငန်းလုပ်ကိုင်သူများထံမှ ငါးဒိုင်ခံကောက်ယူသည့် ဒေါ်ကြည်မြက တံငါသည်တွေဆီက မြစ်ငါး တစ်နေ့ကုန်ကောက်တာတောင် အချိန် ၁၀ ပြည့်အောင် မရပါဘူးဟုပြောသည်။ မကွေးတိုင်းဒေသကြီးအတွင်း ရေလုပ်ငန်းဖြင့် အသက်မွေးသည့် ရေလုပ်သားစာရင်းအရ မကွေးခရိုင်တွင် ၉၃၈ ဦး၊ သရက်ခရိုင်တွင် ၁၀၂၀၊ ပခုက္ကူခရိုင်တွင် ၃၅၆ ဦးနှင့် မင်းဘူးခရိုင်တွင် ၁၅၀၀ခန့်ရှိကြောင်းသိရ သည်။ ငါးရစ်ငါးသန်သားပေါက်နေစဉ်မှာ ငါးဖမ်းတာမပြုလုပ်ဖို့ သုံးလ တားမြစ်ထားပါတယ်။ မေလ၊ ဇွန်လ၊ဇူလိုင်လ သုံးလ တားမြစ်ထားပါတယ်။ အခုလကစပြီး ငါးဖမ်းခွင့်တားမြစ်တာကို လွှတ်ပေးထားပါပြီ။ ငါးသားပေါက်ရာသီမှာ ငါးမျိုးမပြုန်းတီးရေးအတွက် တားဆီးရတာတွေ ပြုလုပ်ဖြစ်ပါတယ်ဟု ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူးကပြောသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/8300834

## ပြည်တွင်း စက်သုံးဆီဈေး မြင့်တက်

ပြည်တွင်းစက်သုံးဆီဈေးနှုန်းများသည် သုံးရက်အတွင်းတစ်လီတာလျှင် ကျပ် ၃၀ (တစ်ဂါလန် ၁၃၅ ကျပ်)စီ မြင့်တက်ခဲ့သည်။ စက်သုံးဆီဈေးသည် နိုဝင်ဘာ ၂၁ ရက်အထိ တည်ငြိမ်နေသော်လည်း ၂၂ ရက်ကစ၍ ဆက်တိုက်မြင့်တက်ခြင်းဖြစ်သည်။ ယမန်နေ့ (နိုဝင်ဘာ ၂၄ ရက်)တွင် ရန်ကုန်အထိုင်စက်သုံးဆီ အရောင်းဆိုင်အများစု၏ရောင်းဈေးသည် ဒီဇယ်တစ်လီတာလျှင် ကျပ် ၉၇၀၊ ပရီမီယံဒီဇယ် တစ်လီတာလျှင် ကျပ် ၉၈၀၊ အောက်တိန်း-92 တစ်လီတာ လျှင် ကျပ် ၈၉၀ နှင့် အောက်တိန်း - 95 တစ်လီတာလျှင် ကျပ် ၉၉၀ နှုန်းရှိခဲ့သည်။ အဆိုပါဈေးနှုန်းသည် စက်သုံးဆီအမျိုးအစား တစ်ခုချင်းအလိုက် နိုဝင်ဘာ ၂၁ ရက် ပေါက်ဈေးထက် တစ်လီတာလျှင်ကျပ် ၃၀ နှုန်းမြင့်တက်ခြင်းဖြစ်သည်။ ထိုသို့ ရက်ပိုင်းအတွင်း စက်သုံးဆီတစ်လီတာ ကျပ် ၃၀ နှုန်းမြင့်တက်ခြင်းသည် ယခုနှစ်အတွင်း မြင့်တက်မှုအမြန်ဆုံးနှုန်းထားဖြစ်ကြောင်း ယင်းဈေးကွက်ကျွမ်းကျင်သူများကဆိုသည်။

အရင်က ဈေးတက်လည်း ဖြည်းဖြည်းချင်းတက်တာ။ အခုက ခုန်တက်သလိုဖြစ်သွားတယ်။ ဒီအရှိန်နှုန်းအတိုင်းဆက်တက်နေရင်တော့ ဈေးကွက်မှာ ရိုက်ခတ်မှုရှိလာနိုင်တယ်ဟု စက်သုံးဆီဈေးကွက်ကျွမ်းကျင်သူ ဦးတင်စိုးကပြောသည်။

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းမြင့်တက်မှုကြောင့် ပြည်တွင်းစက်သုံးဆီဈေး လိုက်ပါမြင့်တက်ခြင်းဖြစ်သည်ဟု စက်သုံးဆီအရောင်းဆိုင်အချို့ကဆိုသည်။ ကမ္ဘာ့ရေနံစိမ်းဈေးသည် နိုဝင်ဘာ ၂၄ ရက်က တစ်စည်လျှင် ၅၉ ဒေါ်လာခန့်ရှိပြီး သုံးရက်အတွင်း နှစ်ဒေါ်လာကျော် မြင့်တက်ခဲ့ကြောင်း ဈေးကွက်သတင်းများကဆိုသည်။

**Source:** https://www.7daydaily.com/section?id=6

## လက်ရှိအချိန်တွင် မြန်မာ-တရုတ် မူဆယ်နယ်စပ်သို့ ဆန်တင်ပို့မှု အနည်းငယ်သာရှိခြင်းနှင့် စပါးဈေးကျဆင်းနေသောကြောင့် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆန်ဝင်ရောက်မှုလျော့ကျကာ ဆန်ဈေး အနည်းငယ်အေးနေဟုဆို




လက်ရှိအချိန်တွင် မြန်မာ-တရုတ်နယ်စပ် မူဆယ်သို့ ဆန်တင်ပို့မှု အနည်းငယ်သာရှိခြင်းနှင့် စပါးဈေးကျဆင်းနေသောကြောင့် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆန်ဝင်ရောက်မှုလျော့ကျကာ ဆန်ဈေး အနည်းငယ်အေးနေကြောင်း ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင်မှ သိရသည်။ ဆန်အိတ်က ငါးသောင်းလောက် ဝင်တယ်။ ဆန်ကွဲက အိတ်နှစ်သောင်းလောက် ဝင်တယ်။ အရင်ထက်ဝင်တာက အိတ်ရေ နှစ်သောင်းလောက် လျော့တယ်။ မူဆယ်က မသွားဘူး။ နည်းနည်းပဲ Quota လေးနဲ့ တရားဝင်လိုင်စင်လေးနဲ့ နည်းနည်းပဲသွားတယ်။ ဘုရင့်နောင်ကို ဝင်တာက ၂၅ မှတ် ဆန်အများဆုံးဝင်တယ်။ ကရင်မ ဆန် ၁၅ မှတ်တို့ အဲဒီလိုဟာတွေ အများဆုံးဝင်တယ်။ ဈေးနှုန်းက ၂၅ မှတ်ကတစ်အိတ်ကို ၁၆၀၀၀ ကျပ်အထိ ဆင်းသွားတယ်။ အခုရက် ၁၆၈၀၀ ပြန်တက်နေတယ်။၂၅မှတ်ဆန်က အခုက ပုံမှန်တော့မဟုတ်ဘူး။ နိုင်ငံခြားကို ရောင်းနေတဲ့ဈေးက ဒေါ်လာ ၂၆၀ နဲ့ ၂၆၀ အောက် ရောင်းတော့ အခုငွေဈေးနဲ့ဆို တစ်အိတ်ကို ၁၇၀၀၀ ကျပ် ပတ်လည်လောက်ပဲရှိတယ်။ နိုင်ငံခြားရောင်းတဲ့ဈေးနဲ့ပဲ တွက်ပြီးဝယ်ကြတာပေါ့နော်။ ဆန်အဝင် နည်းတာကတော့ စပါးဈေးမကြိုက်ဘူးလေ။ စပါးဈေးမကြိုက်တော့ မရောင်းဘူးလေ။ တောင်သူက ထိန်းလို့ရတဲ့ အနေအထားဆိုတော့ထိန်းတယ်လေ။ အရင်ရက်ကတော့ ငွေလိုတဲ့သူ မိုးနဲ့ လေနဲ့ စပါး သိမ်မကောင်းတဲ့ဟာတွေကျတော့ သူ့ဈေးနဲ့သူ ရောင်းရတယ်။ နောက်စပါးတွေကလည်း ကောင်းလာပြီး မိုးလွတ်သွားပြီ၊ ခြောက်လည်း ခြောက်သွားပြီဆိုတော့ တောင်သူက သူထိန်းနိုင်သလောက်ထိန်းသွားပြီ။ အခုကဈေးက တအားနည်းနေတာလေဟု ဘုရင့်နောင်ဆန်စပါး ကုန်စည်ဒိုင်အတွင်းရေးမှူး ဦးသန်းဦးက နိုဝင်ဘာ ၂၃ ရက်က ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်သို့ဆန်တင်ပို့ရာတွင် ဆန်ကြမ်းအမျိုးအစားကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး ဆန်ချော အမျိုးအစားများမှာ ပြည်တွင်း၌ အဓိကစားသုံးနေခြင်းဖြစ်ကြောင်းသိရသည်။ ယခုမိုးစပါးပေါ်ချိန်တွင် စပါးဈေးများ ကျဆင်း လျက်ရှိပြီး တောင်ပျံစပါးအမျိုးအစားသည် ယခင်နှစ်က စပါးတင်းတစ်ရာလျှင် ကျပ် ကိုးသိန်းကျော်ဈေးရှိသော်လည်း လက်ရှိ တွင် ကျပ်ခြောက်သိန်းကျော်သာရှိကြောင်း၊ အင်းလယ်အမျိုးအစားမှာ ကျပ်လေးသိန်းဝန်းကျင်သာရှိကြောင်း ပဲခူးတိုင်း ဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ တောင်သူများထံမှသိရသည်။ ကျပ် ငါးသိန်းဈေးဖြင့် ပဲခူး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းများ၌ စပါးစတင် ဝယ်ယူသွားရန် နိုင်ဝင်ဘာ ၂၀ ကြေညာချက် ထုတ်ပြန်မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နိုဝင်ဘာ ၁၆ ရက်က ပြောကြားထားသည်။ ပြဿနာက စပါးကစောထွက်တယ် အဲမှာစပါးဈေးက ကျတာပေါ့လေ။ ကျပ် ငါးသိန်းဈေးနဲ့ ဝယ်ဖို့ဆိုတာ ၂၀ ရက်နေ့ ကြေညာချက်ထုတ်မယ်။ အထူးသဖြင့် ဧရာဝတီတိုင်း၊ ပဲခူးတိုင်းရယ် ရန်ကုန်တိုင်းမှာစပြီး ဝယ်ဖို့အတွက် တိုင်းနဲ့ပြည်နယ်အစိုးရက ဝယ်ပေးရမှာ။ အခုမူဝါဒ ဆွဲပြီးတော့ အခုညှိပြီးတော့ ၂၀ ရက်နေ့ကိုတော့ ထုတ်ပြန်ကြေညာလိမ့်မယ်။ စပြီးဝယ်တော့မှာပေါ့နော်။ ပြဿနာက လယ်သမားတွေလည်း စပါးစောစောပေါ်တယ်။ ဆန်စက်တွေကလည်း ဂိုဒေါင်တွေက ရှားလာတဲ့အတွက် အဲဒီပြဿနာ။ ဒါပေမဲ့ စပါးဈေးကလျော့ပေမဲ့ ဆန်ဈေးကမကျဘူးဖြစ်နေတယ်ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကဆိုသည်။

လက်ရှိတွင် မြန်မာ့ဆန်ကို ဈေးနှုန်း သက်သာမှုရှိမှသာ ပြည်ပဝယ်လက်များက ဝယ်ယူနေခြင်း၊ မူဆယ်နယ်စပ်သို့ တင်ပို့မှု လျော့နည်းနေခြင်းများကြောင့် ပြည်တွင်း စပါးဈေးနှုန်းနှင့်ဆန်ဈေးနှုန်းများ လက်ရှိဖြစ်ပေါ်နေသည့် ဈေးနှုန်းအကျတိုင်းသာ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်မှသိရသည်။ ဆန်ဈေးက လောလောဆယ်ကမတက်နိုင်ဘူး။ မြန်မာနိုင်ငံကဆန်ကို ဈေးပေါလို့ ဝယ်တာပေါ့နော် ဝယ်သူက ဈေးပေါမှဝယ်တယ်။ ဈေးပေါပေါနဲ့ရောင်းတော့ ပြည်တွင်းက ဒေါ်လာဈေးနဲ့တွက်ရင် ဒေါ်လာဈေးကလည်းငြိမ်နေတော့။ ဒီအတိုင်းပဲသွားမှာပဲဟု ဘုရင့်နောင်ဆန်စပါးကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးက သုံးသပ်ပြောကြားသည်။

**Source:** https://news-eleven.com/article/146711

## စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်း ဒေါ်လာ ၁ ဒသမ ၄ သန်းကျော်အပါအဝင် ကျပ်သန်း ၃၈၀၀ ကျော် ရင်းနှီးမြှုပ်နှံပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆန်စပါး စိုက်ပျိုး ကြိတ်ခွဲ ထုတ်လုပ် ရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်မည်



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာ အုပ်စု၊ ဦးပိုင်အမှတ် (၃၀) တစ်ပိုင်း၊ ကွင်းအမှတ် ၂၈၁၁၊ တပ်မြို့ မြောက်ကွင်းတွင် ဆန်စပါးစိုက်ပျိုးကြိတ်ခွဲထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁ ဒသမ ၄၁၀၂ သန်း အပါအဝင် ကျပ်သန်း ၃၈၀၂ ဒသမ ၇၁၅ သန်း ရင်းနှီးမြှုပ်နှံ လုပ်ကိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှသိရသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၈/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးတွင် အဆိုပါဆန်စပါးစိုက်ပျိုးကြိတ်ခွဲ ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်းကို အတည်ပြုပေးခဲ့ခြင်းဖြစ်ပြီး ရွှေဘိုတက်လမ်းကုမ္ပဏီလီမိတက်က လုပ်ကိုင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်လိုသည့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသား အနည်းဆုံးရာခိုင်နှုန်း ၂၀ အချိုးဖြင့်ပါဝင်ရန် သတ်မှတ်ထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ အရ စိုက်ပျိုးရေးနှင့်ပတ်သက်သည့်လုပ်ငန်းများအနက် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံခြားသားပိုင်ဆိုင်မှု ရာခိုင်နှုန်း ၁၀၀ ဖြင့် ဆောင်ရွက်နိုင်ပြီး ကောက်ပဲသီးနှံများကိုဖော်ထုတ်ပြီး စိုက်ပျိုးမြေတွင် စိုက်ပျိုးထုတ်လုပ်ကာ ပြည်တွင်းဈေးကွက်၌

ဖြန့်ဖြူးခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းမှအပ ကျန်စိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံခြားသားပိုင်ဆိုင်မှု ရာခိုင်နှုန်း ၁၀၀ ဖြင့် ဆောင်ရွက်နိုင်သည်ဟုသိရသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရာ၌ ဝန်ကြီးဌာနအနေဖြင့် အဓိကကူညီပံ့ပိုးသူအဖြစ် ရပ်တည်ကာ နည်းပညာများ ကူညီပေးမည်ဖြစ်ပြီး ထုတ်လုပ်မှု တိုးတက်ရေးနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချနိုင်ရေး စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားခဲ့သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှာ လုပ်ငန်းအကျိုးတူပူးပေါင်းဆောင်ရွက်တဲ့လုပ်ငန်းမှာ ဝန်ကြီးဌာနရဲ့နောက်ပိုင်း ရပ်တည်ပေးမယ့် အချက်တွေကတော့ ကျွန်တော်တို့က Facilitator အနေနဲ့ ရပ်တည်ပေးသွားမယ်။ အဓိကကူညီပံ့ပိုးတဲ့သူ၊ နည်းပညာကို အဓိကကူညီပံ့ပိုးပါမယ်။ ပထမဦးဆုံးထုတ်လုပ်မှုကို တိုးတက်အောင်နဲ့ နည်းပညာပေးတဲ့နေရာမှာ ထုတ်လုပ်မှု ကုန်ကျစရိတ်ကို လျှော့ချနိုင်အောင် အရင်စလုပ်ပါမယ်ဟု ဒေါက်တာအောင်သူက ပြောကြားသည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အချက်အချာကျသော နေရာများ၌ အခြောက်ခံစက်နှင့် အသေးစားသိုလှောင်ရုံတည်ထောင်ရန် စိတ်ဝင်စားမှုရှိပါက တင်ပြအဆိုပြုနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ထပ်မံဖိတ်ခေါ်ထားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ဆန်စပါးသီးနှံ၏ ရိတ်သိမ်းပြီးနောက်ပိုင်း အရည်အသွေးမကျဆင်းစေရန်နှင့် ဆုံးရှုံးလျော့ နည်းမှုသက်သာစေရန်ကိုလည်းကောင်း၊ စပါးများစုပြုံပေါ်ချိန်တွင် အစိုဓာတ်မြင့်မားလေ့ရှိသော စပါးများ ကို စနစ်တကျဝယ်ယူအခြောက်ခံ သိုလှောင်ခြင်းဖြင့် ဝယ်လိုအားမြင့်တင်နိုင်ကာ စပါးပေါ်ချိန်စျေးကျဆင်းမှု ထိန်းသိမ်းနိုင်ရန်အတွက် လည်းကောင်း၊ စျေးကွက်တည်ငြိမ်စေရန်အတွက် ကွင်းဆင်းဝယ်ယူရေးဆောင်ရွက်သည့်အခါ စနစ်တကျ အခြောက်ခံ၊ သိုလှောင်၊ ဝယ်ယူနိုင်ရေး အတွက်လည်းကောင်း၊ ကျေးလက်ဒေသတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်သည့် အသေးစား၊ အလတ်စား လုပ်ငန်းများကို အားပေးနိုင်ရန်အတွက်လည်းကောင်း၊ အဓိကရည်ရွယ်၍ အခြောက်ခံစက်နှင့် အသေးစား သိုလှောင်ရုံ ပူးတွဲပါဝင်သည့် ရပ်ရွာအခြေပြု Drying & Storage Project (DSP) ကို အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းကို ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု အချက်အချာကျသော မိုးစပါး၊ နွေစပါးစိုက်ပျိုးမှုရှိသည့် ကျေးရွာ၊ ရပ်ကွက်များတွင် ဦးစားပေးအကောင်အထည်ဖော်မည်ဖြစ်ပြီး ဒေသခံတောင်သူများ၊ ဒေသခံ အသေးစားလုပ်ငန်းရှင်များ၏ စုပေါင်းပါဝင်ထည့်ဝင်မှုဖြင့်ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။ ခန့်မှန်းတွက်ချက်မှုအရ စီမံကိန်းတစ်ခု၏ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးမှာ ကျပ်သိန်း ၁၇၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားပြီး ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်၏ အနည်းဆုံး သုံးပုံတစ်ပုံကို ဒေသခံများ၏ ထည့်ဝင်ရန်နှင့် ကျန်လိုအပ်မှုကို သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရရှိစေရန်ကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရအပါအဝင် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများထံမှ အထောက်အပံ့ရရှိစေရန်ကိုလည်းကောင်း အသင်းချုပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/146786

## တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးတွင် အခက်အခဲပိုများလာဟုဆို

တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ကဏ္ဍသည် အခက်အခဲ ပိုများလာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန (စီးပွား/ကူးသန်း) လက်အောက်ရှိ ကုန်သွယ်ရေးဦးစီးဌာနမှ နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ ညှိနှိုင်းကွပ်ကဲရေးမှူး ဦးသိန်းထွန်းဦးကပြောသည်။ ဦးသိန်းထွန်းဦးက တရုတ်ဘက်က မြန်မာနိုင်ငံရဲ့တချို့လယ်ယာထွက်ကုန်တွေကို အရည်အသွေးအရသော်လည်းကောင်း၊ အခွန်အရသော်လည်းကောင်း၊ ခွဲတမ်းစနစ်အရသော်လည်းကောင်း ကန့်သတ်ပိတ်ထားတာတွေရှိနေတယ်။ အဲဒါအပြင် တရုတ်ဘက် နယ်စပ်ဂိတ်တွေမှာ ယာဉ်တွေကို လိုအပ်တာထက် ပိုပြီးစစ်ဆေးနေလို့ ယာဉ်ကြောပိတ်ဆို့မှုတွေအရမ်းဖြစ်တယ်။ လူဝင်လူထွက်တွေကို ပိုပြီးစိစစ်တယ်။ အဲဒီတော့ ကုန်စည်ဝင်ထွက်မှုမှာ အခက်အခဲတွေအများကြီးရှိတယ်ဟု ၎င်းက ဧရာဝတီ ကိုပြောသည်။

တရုတ်- မြန်မာ နယ်စပ် ကုန်သွယ်ရေးတွင် တရုတ်ဘက်ခြမ်း၌ အဆိုပါ အခက်အခဲများ ရှိသကဲ့သို့ မြန်မာဘက်တွင်လည်း ယခုနှစ် ဩဂုတ်လမှ စတင်ကာ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ မဟာမိတ်တပ်များနှင့် တပ်မတော်တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး

ပြီးခဲ့သည့် သီတင်းပတ်မှ စတင်ကာ လားရှိုးမြို့အထက် ကွတ်ခိုင်၊ နမ့်ဖက်ကာတို့တွင် ပစ်ခတ်မှုများ ဖြစ်ပွားလျက်ရှိသည်။ မူဆယ်–မန္တလေး လမ်းကြောင်းသည် တရုတ်–မြန်မာ နယ်စပ် ကုန်သွယ်ရေးအတွက် အဓိကဖြစ်ရာ ထိုသို့နယ်မြေမငြိမ်းချမ်းခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးကြန့်ကြာခြင်း၊ ကုန်စည်ပို့ဆောင်ရေး လုပ်ဆောင်သည့်ယာဉ်များ လျော့ကျလာသဖြင့် တန်ဆာခများဈေးတက်လာခြင်း၊ ဈေးကွက်ဝယ်လိုအားရှိသော်လည်း နယ်မြေအခြေအနေအရ တင်ပို့မှုမပြုလုပ်နိုင်ခြင်း စသည့် အခက်အခဲများလည်း ကြုံတွေ့ရသည်ဟု တရုတ်သို့ ကုန်စည်တင်ပို့နေသော ပို့ကုန်လုပ်ငန်းရှင်များက ပြောဆိုသည်။ တရုတ်သို့ ဖရဲ၊ သခွား တင်ပို့နေသော စိုက်ပျိုးရေးလုပ်ငန်းရှင် ကိုစိုင်းမင်းသူနိုင်က အခုဆို မူဆယ်လမ်းကြောက ပစ်ခတ် နေကြတော့ တော်ရုံ ကားသမားတွေက ကြောက်ပြီး မသွားကြတော့ဘူး။ တန်ဆာခက အရင်လက ဖရဲသီး ၁၂ ဘီး ကား ၁ စီးကို ငွေကျပ် ၆ သိန်းရှိတာ၊ အခုဆို ၉ သိန်းကျပ်ဖြစ်သွားပြီဟု ဧရာဝတီကိုပြောသည်။ ပုံမှန်အားဖြင့် တရုတ်–မြန်မာ နယ်စပ်ကုန်သွယ်ရေးသည် ၁ ရက်လျှင် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၅ သန်း ရှိခဲ့ရာ လက်ရှိ နယ်မြေ မငြိမ်းချမ်းမှုကြောင့် ၁ ရက်လျှင် ဒေါ်လာ ၁၀ သန်းခန့်သာ ကုန်သွယ်နိုင်သည့် အခြေအနေဖြစ်လာသည် ဟု ကုန်သွယ်ရေးဦးစီးဌာနကသိရသည်။ ဦးသိန်းထွန်းဦး က ကုန်သွယ်ရေး လမ်းကြောင်း သွားလို့ ရနိုင်တဲ့ အခြေအနေပေါ် မူတည်ပြီး သွားကြတယ်။ မူဆယ်လမ်း က မရရင် ကန်ပိုက်တီး၊ လွယ်ဂျယ် ဘက်ကနေ ထွက်ကြတယ်။ အဲဒီတော့ ကိုယ့်နိုင်ငံဘက် အခြမ်းကနေ သွားလို့ရတာနဲ့ စစ်ဆေးမှုကို မြန်မြန်လုပ်၊ မြန်မြန်သယ်၊ မြန်မြန်သွားခိုင်းတယ်ဟု ဧရာဝတီကို ပြောသည်။နယ်စပ်ကုန်သွယ်ရေး၌ နယ်မြေငြိမ်းချမ်းရေး အဟန့်အတားများ အပြင် ဝယ်သူလိုအပ်ချက်နှင့် အရည်အသွေးကို စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသူများက သိရှိနားလည်မှု အားနည်းခြင်းသည်ကလည်း ကုန်သွယ်မှုတွင် ပို၍ နှောင့်နှေးစေနိုင်သည်ဟု ပို့ကုန်လုပ်ငန်းရှင်တချို့ကဆိုသည်။

မန္တလေးမြို့ခံ ဆန်ပို့ကုန်လုပ်ငန်းရှင် ဦးလှအောင်က ဆန်ဆိုရင် ကျနော်တို့တောင်သူတွေက ကိုယ်စိုက်ချင်တာကို စိုက်ကြတယ်။ ဈေးကွက်လိုအပ်ချက်အတိုင်း လိုက်မလုပ်ကြဘူး။ အဲဒီတော့ သူတို့လိုချင်တဲ့ စံချိန်စံညွှန်းနဲ့မကိုက်ဘူးဆိုပြီး နယ်စပ်မှာ ကျနော်တို့ဆန်တွေက ပိတ်ရောဟုပြောသည်။ ကူမင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ် အာဆီယံ သုတေသနစင်တာမှ နည်းပြ Dr. Xiongbin က တရုတ်–မြန်မာနယ်စပ် ကုန်သွယ်ရေးဖွံ့ဖြိုးလာပါက ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာမှု၊ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု၊ နှစ်နိုင်ငံစီးပွားရေး ပေါင်းစပ်ဆောင်ရွက်သောလုပ်ငန်းများလည်း တိုးတက်လာမည်ဟု ယုံကြည်ကြောင်းပြောဆိုသည်။

**Source:** https://burma.irrawaddy.com/news/2019/11/22/208841.html

## ကြက်သွန်နီဈေးမြင့်တက်လာသော်လည်း တောင်သူများ အကျိုးခံစားခွင့်နည်းနေ

ကြက်သွန်နီ ပိဿာချိန် သိန်းချီထွက်ရှိသည့် ကလေးဒေသတွင် ယခုလက်ရှိအချိန်၌ ကြက်သွန်နီဈေးနှုန်း ထောင်ချီမြင့်တက်နေသော်လည်း ကြက်သွန်စိုက်တောင်သူများ အကျိုးခံစားခွင့်နည်းပါးနေကြောင်း ကလေးမြို့ ကြို့သုံးပင်ရပ်ကွက် ကြက်သွန်စိုက်တောင်သူ ဦးအောင်သိန်းကပြောသည်။ ကလေးမြို့၌ ချင်းတောင်ကြက်သွန်နှင့် ကလေးဒေသထွက် ကြက်သွန်ဟူ၍ နှစ်မျိုးရှိပြီး ကလေးဒေသထွက် ကြက်သွန်ကဈေးပိုရကာ လူကြိုက်များပြီး ချင်းတောင်ကြက်သွန်မှာ ဈေးကွက်တွင် အရောင်းနှေးအကြိုက်နည်းသည်။ ကလေးဒေသထွက် ကြက်သွန်က အခုရက်ပိုင်း ဈေးခုန်တက်သွားတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကြက်သွန်စိုက် တောင်သူတွေက ခံစားခွင့်နည်းပါးပါတယ်၊ ကျွန်တော်တို့က ကြက်သွန်ရောင်းမှ ငွေပေါ်ပြီး ငွေသုံးရတာဆိုတော့ ပေါ်ဦးပေါ်ဖျားကာလမှာ ပွဲရုံတွေကငွေယူပြီး ရောင်းထားရတာ၊ ကြက်သွန်ဈေးကောင်းချိန် ကျွန်တော်တို့ လက်ထဲမှာ ကြက်သွန်က အနည်းအပါးလောက်ပဲကျန်တော့တာပါ၊ ကြက်သွန်ဈေးတက်လို့ အမြတ်ကျန်ကြတာကပွဲရုံ၊ ပွဲစားနဲ့ အရောင်းအဝယ်သမားလောင်လက်တွေဖြစ်ပါတယ်ဟု ၎င်းကပြောသည်။

ကလေးဒေသတွင် ယခင်လများက ကြက်သွန်နီတစ်ပိဿာ ကျပ် ၁၀၀၀ မှ ကျပ် ၁၅၀၀ ဝန်းကျင်ဈေးသာရှိခဲ့သော်လည်းသီတင်းကျွတ်ပြီးချိန်မှစတင်၍ကြက်သွန်ဈေးတက်ခဲ့ရာ ယခုနိုဝင်ဘာလတွင်ကြက်သွန်တစ်ပိဿာ ကျပ် ၂၅၀၀ ဈေးအထိရှိကြောင်းသိရသည်။ ကလေးဒေသထွက်ကြက်သွန်မှာ မုံရွာ၊ မန္တလေးဘက်မှလာသည့်ကြက်သွန်နှင့်တူညီပြီး အရည်နည်းအသားပါးသည့်အတွက်အကြိုက်များသည်။ချင်းတောင်ကြက်သွန်မှာ အရည်များအသားထူပြီး အပုပ်မြန်သည့်အတွက် အကြိုက်နည်းကြောင်းသိရသည်။ ချင်းတောင်ထွက်ကြက်သွန်ကိုမြန်မာ–အိန္ဒိယနယ်စပ်မဏိပူရပြည်နယ်နှင့်

မိဇိုရမ်ဘက်မှ ဝယ်ယူကြောင်းသိရသည်။ ယခုရက်ပိုင်းချင်းတောင် ကြက်သွန်နီတစ်ပိဿာကို ကျပ် ၁၈၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်သည်။ ကလေးဒေသတွင်ကြက်သွန်နီကို ကလေးမြို့နယ် အနောက်မြောက်ဘက်ဒေသကျေးရွာများ၌ စိုက်ပျိုးမှုများပြားပြီး မိုးကြက်သွန်၊ ဆောင်းကြက်သွန်ဟူ၍ နှစ်မျိုးစိုက်ပျိုးကြောင်း သိရသည်။ မြို့နယ်စိုက်ပျိုးရေးဌာနမှ ထုတ်ပြန်သည့်စာရင်းဇယားများအရ ကြက်သွန်စိုက်ကေထောင်ချီရှိကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/131326.html

## မြေနေရာလက်ဦးမှုများဟန့်တားနိုင်စေရန် ဝါးစိုက်ပျိုးခြင်းအား လုပ်ငန်းအာမခံကြေး တစ်ကေသုံးသောင်းကျပ် ပေးသွင်းပြီးမှသာ စိုက်ပျိုးခွင့်ပြု



မြေနေရာလက်ဦးမှုများ ဟန့်တားနိုင်စေရန် ဝါးစိုက်ပျိုးခြင်းအား လုပ်ငန်းအာမခံကြေးတစ်ကေ သုံးသောင်းကျပ်ပေးသွင်း ပြီးမှသာ စိုက်ပျိုးခွင့်ပြုကြောင်း သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ပြောသည်။ ပုဂ္ဂလိက ဝါးစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့်အကောင်အထည်ဖော်စိုက်ပျိုးနိုင်ဖို့အတွက် သစ်တောဦးစီးဌာနအနေနဲ့ ဝါးစိုက်ခင်းကေ ၅၀ နဲ့အောက် တည်ထောင်လိုသူတွေအတွက် လုပ်ငန်းအာမခံကြေးငွေ ပေးသွင်းခြင်းမပြုစေဘဲ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်တွေက လွယ်ကူလျင်မြန်စွာ စိစစ်ခွင့်ပြုပေးဖို့လုပ်ထုံးတွေ ဖြေလျှော့ပေးခဲ့ပါတယ်ဟုဒင်းကပြောသည်။

နိုဝင်ဘာ၂၂ရက်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပြီး ဝါးစိုက်ခင်းများ အခြေအနေကိုရှင်းလင်းချပြရန်နှင့် ဝါးစိုက်ပျိုးဆောင်ရွက်လိုသူများအတွက် နိုင်ငံတော်မှမည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ရာ ထိုသို့ပြန်လည်ဖြေကြားခြင်းဖြစ်သည်။ သဘာဝဝါးတောများ ရေရှည်တည်တံ့ရန်အတွက် ဒေသခံပြည်သူများ စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန်ရည်ရွယ်ပြီး ကနဦးဝါးအခြေပြု ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောရှေ့ပြေးစီမံကိန်းကို ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ မင်းလှမြို့နယ်၊ အုတ်ဖိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ်များတွင် အဖွဲ့ဝင် ၃၅၅ ဦးပါဝင်သည့် အသုံးပြုသူအစုအဖွဲ့ ၂၅ ဖွဲ့ နှင့် ဧရိယာ ၇၂၄၀၀ ကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အစိုးရသစ်ကာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဝါးစိုက်ပျိုးလိုသူ ၉၁ ဦး အတွက် သစ်တောနယ်မြေများအတွင်း ပုဂ္ဂလိကဝါးစိုက်ခင်း ၃၀၃၄ ကေ တည်ထောင်ရန် ခွင့်ပြုပေးခဲ့ရာ ၁၈၁၂ ကေ စိုက်ပျိုးပြီးစီးခဲ့ပြီး စီမံချက်ကာလအတွင်း စိုက်ပျိုးခြင်းမရှိသည့်ဧရိယာ ၂၀၀ ကေကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်သိမ်းဆည်းခဲ့ကြောင်းသိရသည်။ သစ်တောဦးစီးဌာနအနေဖြင့်လည်း ၂၀၁၈ ခုနှစ် မိုးရာသီတွင် တိုင်းဒေသကြီး/ ပြည်နယ်များတွင်ရှိသည့် မြေကွက် ကွက်လပ်နေရာများတွင် ဝါးစိုက်ခင်း ၂၄၂ ကေ ဝါးအပင်ပေါင်း ၉၄၆၁၁ ပင် စိုက်ပျိုးခဲ့ပြီး ၂၀၁၉ ခုနှစ် မိုးရာသီတွင်လည်း ဝါးမျိုးစုစုပေါင်း ၁၅၃၄၀၁ ပင် စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/thespeakernewsjournal/posts/544560815947367

## အိန္ဒိယနိုင်ငံမှ ကောလာဟလ သတင်းများကြောင့် ပြည်တွင်း၌ မတ်ပဲဈေးကျဆင်း

အိန္ဒိယနိုင်ငံမှ ထွက်ပေါ်နေသော ကောလာဟလ သတင်းများကြောင့် ပြည်တွင်းမတ်ပဲဈေးတစ်တန်လျှင် ကျပ်နှစ်သိန်းခွဲခန့်သို့ ပြန်လည်ကျဆင်းလာကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ အိန္ဒိယနိုင်ငံ ပြည်နယ်အစိုးရအချို့က ပြည်ပမှမတ်ပဲတင် သွင်းခွင့်နှင့်ပတ်သက်၍ ခွင့်ပြုမိန့်ထပ်မံမပေးဆိုသည့် သတင်းပျံ့နှံ့

နေခြင်း၊ အိန္ဒိယနိုင်ငံတွင် မတ်ပဲတစ်တန်လျှင် ရူပီး ၈၉၀၀ မှ ၇၂၀၀ သို့ကျဆင်းခြင်းကြောင့် မြန်မာနိုင်ငံမှ ပဲဝယ်ယူမှုကို လျှော့ချသည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေး ပြန်လည်ကျဆင်းခြင်းဖြစ်သည်။ လက်ရှိ ပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန်လျှင် ကျပ်ဆယ်သိန်းကိုးသောင်း ဈေးဖွင့်သည်။ အောက်တိုဘာတွင် မတ်ပဲတစ်တန် ကျပ်တစ်ဆယ့်သုံးသိန်းလေးသောင်းကျော်အထိ အမြင့်ဆုံးတက်ခဲ့သည်။ မြန်မာနိုင်ငံရဲ့ ပဲဈေးက အိန္ဒိယနိုင်ငံပေါ်ပဲ မူတည်နေတာလေ'ဟု ဦးမင်းကိုဦးက လက်ရှိကြုံနေရသည့် ဈေးကွက်အခြေအ နေကို ပြောသည်။

အိန္ဒိယနိုင်ငံတွင် စက်တင်ဘာက မတ်ပဲအသစ်ပေါ်ချိန်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ပဲအထွက် လျော့နည်းကြောင်း မြန်မာကုန်သည်အချို့က သုံးသပ်သည်။ ၂၀၁၉ ဇွန်လကစတင်ပြီး အောက်တိုဘာကုန်အတွင်း မတ်ပဲတန်ချိန် တစ်သိန်းခွဲကို ပြည်ပမှတင်သွင်းရန် အိန္ဒိယအစိုးရက ခွင့်ပြုထားသည်။ မြန်မာနှင့် အိန္ဒိယနိုင်ငံသာ စိုက်ပျိုးသည့် မတ်ပဲကို ခွဲတမ်းပြည့်ချိန်တွင် အိန္ဒိယနိုင်ငံမှ ပြည်နယ်အချို့က တင်သွင်းခွင့်ပြုမိန့်များသူ၏ ကုမ္ပဏီများကို ထပ်မံချထားပေးသည်။ ထို့ကြောင့် အောက်တိုဘာလလယ်ကစတင်ပြီး မြန်မာနိုင်ငံမှမတ်ပဲကို အိန္ဒိယကုန်သည်များက ဝယ်အားမြှင့်သဖြင့် ၂၀၁၇ ဩဂုတ်နောက်ပိုင်း စံချိန်တင်မြင့်တက်ခဲ့သည်။ အိန္ဒိယမှ မတ်ပဲဝယ်အား များသော်လည်း ပဲစင်းငုံဝယ်လိုအား အနည်းငယ်သာရှိသဖြင့် တစ်တန်လျှင် ကျပ်ရှစ်သိန်းသုံးသောင်းခန့်ဈေးဖွင့်သည်။ တောင်သူတွေကတော့ အများကြီးမျှော်လင့်နေတယ်။ စစိုက်မယ့်အချိန်မှာ ဈေးကလည်း တောင်သူအကြိုက်ဖြစ်ခဲ့တာကိုးဟု လယ်သမားဘဝဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်က ဆိုသည်။

မိုးစပါး ရိတ်သိမ်းပြီးချိန်တွင် ပြည်တွင်းဈေးကွက်၌ မတ်ပဲဈေးနှုန်းသည် နယ်မြို့များတွင် တစ်တင်းလျှင် ကျပ်သုံးသောင်းခွဲဈေးရှိသည်။ တောင်သူများက မတ်ပဲတစ်တင်း ကျပ်သုံးသောင်းအထက်ဈေးရလျှင် စိုက်ပျိုးရန်အဆင်ပြေကြောင်း ကျောင်းကုန်းမြို့နယ်မှ တောင်သူဦးပြုံးကပြောသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် အိန္ဒိယနိုင်ငံတွင် ပဲလိုအပ်ချက်ရှိနေသော်လည်း တင်သွင်းခွင့်မူဝါဒကိုပြောင်းလဲမှု မကြာခဏပြုလုပ်သဖြင့် ပြည်တွင်းပဲအသစ်ပေါ်ချိန် ဈေးနှုန်းခန့်မှန်းရန် ခက်ခဲကြောင်း ဦးမင်းကိုဦးကပြောသည်။

**Source:** https://www.7daydaily.com/171878

## တရုတ်-အမေရိကန်ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားမှုတွင် မြန်မာနိုင်ငံသည် အာရှဒေသ၏နောက်ထပ် ရင်းနှီးမြှုပ်နှံမှုအများဆုံး ဝင်ရောက်သည့်နိုင်ငံ ဖြစ်လာနိုင်ခြင်း

တရုတ်-အမေရိကန်ကုန်သွယ်ရေးစစ်ပွဲ ဖြစ်ပွားမှုတွင် တရုတ်နိုင်ငံမှ ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်သည့် ထုတ်လုပ်သူများသည် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဒေသများ ရှာဖွေရာတွင် ဗီယက်နမ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ခွဲဝေလုပ်ကိုင်ရန် ပိုမိုလိုလားသော်လည်း ဗီယက်နမ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပြည့်နေပြီဖြစ်သောကြောင့် မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့၌ ထုတ်လုပ်မှုလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်ရန် မျှော်လင့် ကြောင်း မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် အားသာချက်တစ်ခုမှာ နိုင်ငံလူဦးရေ၏ ၃ ပုံ ၁ ပုံခန့် မှာ အခြေခံလုပ်သားများဖြစ်ပြီး အမေရိကန်နှင့် ဥရောပနိုင်ငံများမှ ဝယ်ယူလိုသည့်ကုန်ပစ္စည်းများ ထုတ်လုပ်မှု၌ လုပ်ကိုင်လျှက်ရှိသောကြောင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ရန် အခွင့်အလမ်းကောင်းများရှိကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးက ပြောကြားခဲ့ကြောင်း၊ သို့သော်လျှပ်စစ်ဖြန့်ဖြူးမှုနှင့် ကုန်ထုတ်လုပ်မှုဆောင်ရွက်ရန် မြေလုံလောက်မှုမရှိခြင်း စသည့်အခက်အခဲများရှိကြောင်း၊ဗီယက်နမ်နိုင်ငံတွင်သာမက ထိုင်းနိုင်ငံနှင့်အင်ဒိုနီရှားနိုင်ငံတို့၌လည်း ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် အရှိန်မြင့်တက်လျှပ်ရှိကြောင်း၊ မြန်မာနိုင်ငံသို့ အသားတင်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၇ ခုနှစ်တွင် GDP ၏ ၆ ရာခိုင်နှုန်းမှ ၂၀၁၈ ခုနှစ်တွင် ၁.၈ ရာခိုင်နှုန်းသို့ လျော့ကျသွားကြောင်း၊ တရုတ်နိုင်ငံသည် ရှေးယခင်ကတည်းက ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နေသည်ကို ၁၉၈၈ ခုနှစ် မှတ်တမ်းများအရ သိရှိရပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ စာရင်းအရ ယခုလက်ရှိတွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၌ စင်ကာပူနိုင်ငံမှ ၂၇ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံမှ ၂၅ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံမှ ၁၄ ရာခိုင်နှုန်းရှိပါကြောင်း ရေးသားထားပါသည်။ တရုတ်-အမေရိကန်ကုန်သွယ်ရေးစစ်ပွဲ ပထမနှစ်တွင် ဗီယက်နမ်နိုင်ငံသို့ရင်းနှီးမြှုပ်နှံမှုအများဆုံး ဝင်ရောက်ခဲ့ကြောင်း၊ တရုတ်ကုမ္ပဏီများအနေဖြင့်လည်း ရေရှည်တည်တံ့ခိုင်မြဲစေမည့် လုပ်ငန်းဆောင်ရွက်မှုများ လုပ်ကိုင်

ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းနှင့်ပတ်သက်၍ တာဝန်ရှိသူများဖြစ်ကြောင်း ပြသရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်က ပြောကြားခဲ့ရာတွင် တရုတ်-အမေရိကန်ကုန်သွယ်ရေးစစ်ပွဲကြောင့် လုပ်ငန်းများခွဲဝေရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းကောင်းများဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အရေးအပါအဝင် ပြည်တွင်းပဋိပက္ခများဖြစ်ပွားနေသော်လည်း ၂၀၂၂ ခုနှစ်တွင် နိုင်ငံ၏ စီးပွားရေးတိုးချဲ့နိုင်မှုမှာ ၇ ရာခိုင်နှုန်းသို့ မြင့်တက်လာနိုင်ကြောင်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် South China Morning Post သတင်း၌ ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-ဗန်ကောက်**

## စီးပွားဖြစ် ထိုင်းအဆာပြေစာ ပိုးကောင်များ အရောင်းသွက်




မြေပဲဆားလှော်များကဲ့သို့ အိတ်လေးများထဲထည့်ကာ၊ သို့မဟုတ် အာလူးကြော်အတောင့်လေးများကဲ့သို့ အိတ်ရှည်ထဲထည့်ကာ ၎င်းတို့ကို ရောင်းချသော်လည်း ထိုင်းစတိုးဆိုင်များနှင့် စူပါမားကက်ရှိ စင်များပေါ်တွင် ထိုကြွပ်ကြွပ်ရွရွ အဆာပြေစာများသည် အခြားအဆာပြေစာများနှင့် ခပ်လှမ်းလှမ်းတွင်ရှိနေသည်။ ဆီဖြင့်ကြော်ထားခြင်းမဟုတ်ဘဲ လှော်ထားသည့် ပိုးကောင်လေးများသည် နောင်တွင်အရသာရှိသည့် အစားအစာများဖြစ်လာလိမ့်မည်ဖြစ်သည်။ ကျေးလက်ဒေသရှိ ထိုင်းလူမျိုးများသည် ပိုးကောင်များကို ၎င်းတို့၏ အစားအစာအဖြစ် စားသုံးကြသည်မှာ ကြာမြင့်နေပြီဖြစ်သည်။ အာလူးကြော်ကဲ့သို့ အထုပ်ဖြင့်ရောင်းချရန် အကြံညာဏ်ကို လုပ်ငန်းရှင် သာနတ်ချန်သာသမ်ဆိုသူကရရှိခဲ့ကာ သတင်းတစ်ခုတွင်ပါရှိသည့် အကြောင်းအရာတစ်ခုက ၎င်း၏ အာရုံကိုဖမ်းစားခဲ့သည်။ ရုပ်မြင်သံကြားသတင်းတစ်ခုမှာ ကျွန်တော်ကြားလိုက်တယ်။ အင်းဆက်ပိုးမွှားတွေက အနာဂတ်မှာ အသားဓာတ်အရင်းအမြစ်အတွက် အခြားရွေးချယ်စရာနည်းလမ်းဖြစ်တယ်ဆိုတဲ့ဟာကို ကုလသမဂ္ဂကပြောခဲ့တယ်။ အဲဒါကြောင့် ကျွန်တော်စဉ်းစားခဲ့တယ်။ ထိုင်းတွေက အင်းဆက်တွေ အများကြီး စားသုံးနေကျဖြစ်ပြီး ဒါကိုလမ်းဘေးစာအဖြစ် ရောင်းနိုင်မယ်ဆိုတာ။ ဘယ်သူက ဒါတွေကို အိတ်နဲ့စနစ်တကျထည့်ပြီး ရောင်းတာမျိုးရှိလဲ'လို့ အသက် ၄၆ နှစ်ရှိ အဆိုပါ လုပ်ငန်းရှင်က အေပီသို့ပြောကြားခဲ့သည်။

၎င်း၏ ကုန်ပစ္စည်းတင်ပို့မှုဆိုင်ခွဲများကို ဘန်ကောက်မြို့မှ အနောက်ဘက် ကီလိုမီတာ ၁၀၀ အကွာ ရတ်ချာဘူရီပြည်နယ်ရှိ စမိုင်းပုရစ်မွေးမြူရေးခြံမှ စတင်လိုက်သည်။ ပုရစ်မွေးမြူသည့် အခန်းတစ်ခုတည်းမှာပင် ကောင်ရေ တစ်သန်းကျော်ကို မွေးမြူနိုင်ပြီး ဥဘဝမှ အရွယ်ရောက်သည်အထိ ၄၅ ရက် ကြာမြင့်သည်။ အချို့သော ပုရစ်များကို ထိုနေရာတွင်ပင် ကင်ကြကာ အချို့ကို ဘန်ကောက်ရှိ စက်ရုံတစ်ရုံသို့ ပို့ဆောင်ကာ အထုပ်အပိုးများ ထုပ်ပိုးပြီး လက်လီအရောင်းဆိုင်များသို့ ရောင်းချခဲ့သည်။ ထိုင်းဘန်းစကားဖြင့် 'အထက်တန်းစား' ဟု အဓိပ္ပာယ်ရသည့် ဟိုင်ဆို (HiSo) ကုန်အမှတ်တံဆိပ်ဖြင့် ရောင်းချသည့် ပုရစ်များသည် ရောင်းအားအကောင်းဆုံး ကုန်ပစ္စည်းတစ်ခုဖြစ်သည်။ဝါးပိုးကောင်၊ ပုရစ်နှင့် ပိုးချည်ထုတ်သည့် ပိုးကောင်များသည် ဟိုင်ဆိုအဆာပြေစာမှထုတ်လုပ်သည့်ကုန်ပစ္စည်းများဖြစ်သည်။

၎င်းတို့ကို မူလအရသာ၊ ဘာဘီကျူအရသာနှင့် တုံယမ်းအရသာ တို့ဖြင့် ထုတ်လုပ်ကာ ထိုင်းနိုင်ငံရှိ နေရာအနှံ့၌ရှိသော 7-Eleven ဆိုင်များနှင့် စူပါးမားကက်ကြီးများတွင် ဝယ်ယူရရှိနိုင်သည်။ ပုရစ်တစ်ထုပ်လျှင် ၂၅ ဘတ်ဈေးနှုန်းရှိကာ ဝါးပိုးကောင်မှာမူ ဘတ် ၁၆၀ ရှိသည်။ ၎င်း၏ ဘန်ကောက်စက်ရုံမှ လစဉ် အင်းဆက်ပိုးမွှား နှစ်တန်ထုတ်လုပ်ရောင်းချရသည်။ ဝင်ငွေမှာ လစဉ် ဒေါ်လာ တစ်သိန်းဝန်းကျင်ရှိသော်လည်း အခြားကုန်ကျစရိတ်များမှာ မြင့်မားလှသည်။ ပုရစ်များကို ကိုယ်တိုင်မွေးမြူသော်လည်း လုံလောက်သည့် ပိုးချည်ကောင်နှင့် ဝါးပိုးကောင်များထုတ်လုပ်ရန် နည်းလမ်းမတွေ့သေးသည့်အတွက် ပြင်ပမှ ရောင်းချသူများထံမှ ဝယ်ယူနေရသည်။ မကြာသေးမီအချိန်ထိ စားသုံး၍ရသော ပိုးကောင်များကို ဝယ်လိုအားသည် အာရှ၊ အာဖရိကနှင့်တောင်အမေရိကရှိ နိုင်ငံအချို့မှဖြစ်သည်။ ဟိုင်ဆိုကုန်အမှတ်တံဆိပ်ပေါ်ထွက်လာခြင်းသည် အင်းဆက်များကို

အစားအစာအဖြစ် ကမ္ဘာမှ စိတ်ဝင်စားမှုကြီးထွားသည့်အချိန်တွင် ဖြစ်လာခြင်းဖြစ်သည်။

အင်းဆက်တို့အတွက် နေရာယူစရာများစွာ မလိုအပ်သလို အစာများစွာကျွေးမွေးရန် မလိုအပ်သည့်ပြင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှင့်မှုလည်းမရှိပေ။ ထို့ပြင် ကုလသမဂ္ဂအစားအစာနှင့်စိုက်ပျိုးရေးအဖွဲ့က ထောက်ပြထားသကဲ့သို့ အင်းဆက် တို့သည် ခြမ်မွေးတိရစ္ဆာန်နှင့် လူသားများအတွက် အာဟာရအကျိုးကျေးဇူးများစွာကိုလည်းပေးအပ်သည်။ အင်းဆက်များတွင် ပရိုတိန်းပါဝင်မှုမြင့်မားသည့်အပြင် သတ္တုဓာတ်နှင့် ဗီတာမင် ဘီ ၁၂ တို့လည်း ပါရှိသည်ဟု ကုလသမဂ္ဂ အစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ကာတင်ကာ ဒီဘာလေ့ာကပြောကြားသည်။

**Source:** https://myanmar.mmtimes.com/news/131399.html

## STOCK EXCHANGE (25.11.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 25th Nov. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 11,500 | 12,000 | 11,500 | 2,681 | 30,843,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,900 | 3,900 | 3,850 | 6,460 | 25,183,350 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | -200 | -2.41% | 8,100 | 8,100 | 8,100 | 1 | 8,100 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 658 | 15,134,000 | 2,472,053 | 56,857 |
| TMH | 00005 | 3,000 | +0 | +0.00% | 2,950 | 3,000 | 2,950 | 346 | 1,022,500 | 12,823,224 | 38,470 |

### Market summary

As of 25th Nov. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 468.30 | -11.42 | -2.38% | 470.77 | 479.62 | 468.30 | 10,146 | 72,190,950 | 5 | 641,249 |

**Index chart**



# Market Overview

As of 1:00 pm, 25th Nov. 2019

| MYANPIX | 468.30 ▼ 11.42 |
|---|---|
| Total Volume (shares) | 10,146 |
| Total Value (MMK) | 72 mil |
| Listed Company | 5 |
| Market Cap. (MMK) | 641,249 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,100 | ▼ 200 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |

TIR